ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁ /၂၀၁၆

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ (၂၀၁၆)ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၆) သဘောတူညီချက်အရ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

## အခန်း (၁)
## အမည်နှင့် စတင်အာဏာသက်ရောက်ခြင်း

၁။ (က) ဤအမိန့်ကြော်ငြာစာ၏ အမည်ကို "ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" ဟု ခေါ်တွင်စေရမည်။

(ခ) ဤအမိန့်ကြော်ငြာစာသည် အမိန့်ထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့မှစ၍ စတင် အာဏာသက်ရောက်စေရမည်။

## အခန်း (၂)
## ဆေးလိပ်ထုပ်ပေါ်တွင် ဖော်ပြရမည့် သတိပေးစာသားနှင့် ရုပ်ပုံများ

၂။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် သတိပေး ရုပ်ပုံနှင့် စာသားများကို အောက်ပါ သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည် -

(က) စီးကရက်ကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ် (တစ်ဘူးချင်းနှင့် ကာတွန်းဘူးများ)ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) "ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်။" ဟူသော စာသားကို ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်တွင်လည်းကောင်း၊ "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။" ဟူသော စာသားကို ဘူး၏ အပေါ်မျက်နှာပြင်တွင်လည်းကောင်း၊ "ဆေးလိပ်တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်း စသော ကင်ဆာဖြစ်စေသော ဓါတ်ပစ္စည်းများ ပါဝင်သည်၊ ဆေးလိပ်ဖြတ်ပါ။" ဟူသော စာသားကို ဘူး၏ ဘယ်ဘက်ဘေး မျက်နှာပြင်တွင်လည်းကောင်း၊ "ဆေးလိပ်တွင် ပါဝင်သော နီကိုတင်း၊ ကတ္တရာနှင့် ကာဗွန်မိုနော့ဆိုဒ် တို့သည် နှလုံးရောဂါနှင့် အဆုတ်ရောဂါကို ဖြစ်စေသည်၊ ဆေးလိပ်ဖြတ်ပါ။" ဟူသော စာသားကို ဘူး၏ ညာဘက်ဘေး မျက်နှာပြင်တွင်လည်းကောင်း မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊


(၂) သတိပေးစာသား၏ စာလုံး အမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို ဘူး၏ ရှေ့နှင့်နောက် မျက်နှာပြင်တွင် Font Size 18.45 ဖြင့်လည်းကောင်း၊ ဘူး၏အပေါ်နှင့် ဘေးဘက်မျက်နှာပြင်တွင် Font Size 12 ဖြင့်လည်းကောင်း ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံအနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀%၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့်လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ (Y)= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို စီးကရက်ဘူး၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြရမည်။ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ စီးကရက် ထုတ်လုပ်သူများသို့ ပေးပို့မည့် စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ခ) ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ်ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) ဆေးလိပ်ထုပ်ကို လေးထောင့်ပုံစံ ထုပ်ပိုးထားပါက ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင် အပေါ်ပိုင်းတွင်လည်းကောင်း၊ အဝိုင်းစည်းပုံစံ ထုပ်ပိုးထားပါက ဆန့်ကျင်ဘက်မျက်နှာပြင်နှစ်ဘက်လုံး၏ အပေါ်ပိုင်းတွင်လည်းကောင်း၊ "ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်၊ ဆေးလိပ်ဖြတ်ပါ။" ဟူသော စာသားကို မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊


(၂) သတိပေးစာသား၏စာလုံးအမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို Font Size 18.45 ဖြင့် ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံ အနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀%၊ အဝါ (Y)= ၀%၊ အနက်(K)= ၀% ဖြင့်လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ %၊ အနီ(M)= ၅၀ %၊ အဝါ (Y)= ၅၀ %၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြ၍ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးလိပ်ထုတ်လုပ်သူများသို့ ပေးပို့မည့်စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ဂ) ဆေးရွက်ကြီးနှင့် ဆေးပေါင်းကို ထုပ်ပိုးသည့် ဆေးလိပ်ထုပ်ပေါ်တွင် အောက်ပါအတိုင်း ပုံနှိပ်ဖော်ပြရမည် -

(၁) ဆေးရွက်ကြီးနှင့် ဆေးပေါင်းထုပ်ကို မည်သည့်ပုံစံဖြင့် ထုပ်ပိုးထားသည်ဖြစ်စေ အထုပ်၏အပေါ်ပိုင်းတွင် " ဆေးရွက်ကြီးထွက်ပစ္စည်းကို စားသုံးခြင်းကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်သည်။" ဟူသော စာသားကို မြန်မာဘာသာဖြင့် ပုံနှိပ်ဖော်ပြခြင်း၊


(၂) သတိပေးစာသား၏ စာလုံးအမျိုးအစားကို W 02 art house အသုံးပြုဖော်ပြခြင်း၊

(၃) သတိပေးစာသား၏ စာလုံးအရွယ်အစားကို Font Size 18.45 ဖြင့် ဖော်ပြခြင်း၊

(၄) နောက်ခံအရောင်နှင့် စာလုံးအရောင်ကို နောက်ခံ အနက်ရောင်ပေါ်တွင် သတိပေးစာသားကို အဖြူရောင်ဖြင့် ဖော်ပြခြင်း၊

(၅) အရောင်အမျိုးအစားကို စာသား၏ အရောင်ကို အပြာ(C)= ၀% ၊ အနီ(M)= ၀% ၊ အဝါ (Y)= ၀% ၊ အနက်(K)= ၀% ဖြင့် လည်းကောင်း၊ စာသားနှင့် ရုပ်ပုံ၏ နောက်ခံအရောင်ကို အပြာ(C)= ၅၀ % ၊ အနီ(M)= ၅၀ % ၊ အဝါ ( Y )= ၅၀ % ၊ အနက်(K)= ၁၀၀ % ဖြင့်လည်းကောင်း အသုံးပြုဖော်ပြခြင်း၊

(၆) ရုပ်ပုံကို အောက်ဖော်ပြပါ သတိပေးရုပ်ပုံနှင့်စာသားကို ဆေးရွက်ကြီးထုပ်အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ပုံနှိပ်ဖော်ပြ၍ ထို ၇၅% အနက် ရုပ်ပုံကို ၅၀% နှင့် သတိပေးစာတမ်းကို ၂၅% ဖော်ပြခြင်း၊




(၇) ရုပ်ပုံ၏ အရည်အသွေးကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရွက်ကြီးနှင့် ဆေးပေါင်း ထုတ်လုပ်သူများသို့ ပေးပို့မည့် စီဒီတွင် ပါဝင်သည့် အရည်အသွေးအတိုင်း ပုံနှိပ်ဖော်ပြခြင်း။

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် အပိုဒ် ၂ (က)၊ (ခ)နှင့် (ဂ)ပါသတ်မှတ်ချက်များနှင့်အညီ သတိပေးရုပ်ပုံနှင့် စာသားကို ပုံနှိပ်ဖော်ပြရမည်။

(င) အပိုဒ် ၂ (က)၊ (ခ)နှင့် (ဂ)ပါသတိပေးရုပ်ပုံကို အမှတ်စဉ်(၁)အဖြစ် သတ်မှတ်ပြီး နောက်ဆက်တွဲ(က)ပါ သတိပေးရုပ်ပုံကို အမှတ်စဉ်အလိုက် ၁၂ လပြည့်တိုင်း ပြောင်းလဲဖော်ပြရမည်။

## အခန်း (၃)
## လိုက်နာရမည့် အခြားအချက်များ

၃။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ သို့မဟုတ် ရောင်းချသူသည် အောက်ဖော်ပြပါသတ်မှတ်ချက်များကို ရှောင်ကြဉ်ရမည် -

(က) ဆေးလိပ်ထုပ်ပေါ်ရှိ သတိပေးရုပ်ပုံနှင့် စာသားကို ဖျက်ဆီးခြင်း၊ ဖုံးအုပ်ခြင်း၊

(ခ) အခွန်ထမ်းဆောင်ပြီးကြောင်း ဖော်ပြသည့်တံဆိပ်ခေါင်း သို့မဟုတ် စာသားကို သတိပေးရုပ်ပုံနှင့် စာသားများပေါ်တွင် ဖုံးအုပ်ခြင်း၊

(ဂ) ဆေးလိပ်ထုပ်ပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အရောင်းမြှင့်တင်ရာရောက်သည့် စာသား၊ အရောင်၊ ရုပ်ပုံ၊ ပစ္စည်း စသည်တို့ကို ဖော်ပြခြင်း၊

(ဃ) ဆေးလိပ်ထုပ်ပေါ်တွင် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်မှု မရှိသည့်သဘောသက်ရောက်သည့် စာသား ( ဥပမာ - "Low tar" "Light" "ultra-light" "mild" "safe" စသည်)၊ ရုပ်ပုံနှင့် အမှတ်အသားများကို ဖော်ပြခြင်း။

## အခန်း (၄)
## အရေးယူခြင်း

၄။ ဤအမိန့်ကြော်ငြာစာတွင် သတ်မှတ်ထားသည့်အတိုင်း သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြထားခြင်းမရှိသော ဆေးလိပ်ထုပ်များကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ပြုလုပ်သူ သို့မဟုတ် ဆေးလိပ်ထုပ်ပိုးရာတွင် လိုက်နာရမည့် အချက်များကို ဖောက်ဖျက်သူ မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)အရ အရေးယူခြင်းခံရမည်။

(ဒေါက်တာသန်းအောင်)
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ ၄မခ(ဃ) ၂၀၁၆/ ၃၃၂၂
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ၊ ဖေဖော်ဝါရီလ( ၂၉ )ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

နိုင်ငံတော်သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(မြန်မာနိုင်ငံ ပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်)

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များအားလုံး

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်နွယ်ဆောင်ရွက်နေသော အသင်း/အဖွဲ့များအားလုံး

နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအားလုံး


နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနမှူးများအားလုံး

ပ


နောက်ဆက်တွဲ(က)

## ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများအားလုံး၏ ထုပ်ပိုးခွံများပေါ်တွင် ထည့်သွင်းဖော်ပြမည့် ကျန်းမာရေး သတိပေးရုပ်ပုံနှင့် စာသားများ

(၁)





(၂)




ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများအားလုံး၏ ထုပ်ပိုးခွံများပေါ်တွင် ထည့်သွင်းဖော်ပြမည့် ကျန်းမာရေး သတိပေးရုပ်ပုံနှင့် စာသားများ


(၃)




(၄)



(၅)


ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီး သုံးစွဲခြင်း
(ကွမ်းစားခြင်း)ကြောင့် ခံတွင်းကင်ဆာ ဖြစ်နိုင်
သည်။

(၆)



ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီး သုံးစွဲခြင်း
(ကွမ်းစားခြင်း)ကြောင့် သွေးကြောပိတ်၍ ခြေ
ထောက် ဖြတ်ရနိုင်သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများအားလုံး၏ ထုပ်ပိုးခွံများပေါ်တွင် ထည့်သွင်းဖော်ပြမည့် ကျန်းမာရေး သတိပေးရုပ်ပုံနှင့် စာသားများ


(၇)



(၈)




(၉)


ကိုယ်ဝန်ဆောင်မိခင်များကိုယ်တိုင် ဆေးလိပ်သောက်ခြင်း ဆေး
ရွက်ကြီးသုံးစွဲခြင်း(ကွမ်းစားခြင်း) သို့တစ်ပါး ဆေးလိပ်ငွေ့ ရှူ
ခြင်းကြောင့် လမစေ့ဘဲမွေးဖွားသော ကလေးမွေးနိုင်သည်။

(၁၀)


သင့် ဆေးလိပ်မီးခိုးငွေ့ကြောင့် ကလေးများတွင် ပန်းနာရင်
ကျပ်ရောဂါ နမိုးနီးယားအဆုတ်ရောင်ရောဂါ၊ နားပေါင်းပိတ်
ခြင်း နားပြည်ယိုခြင်းနှင့် တတ်တတ်ည ခြင်းများ ဖြစ်နိုင်သည်။

# Bidi Pack Design





Front | Back

Front | Back

Upper Part

Lower Part




## Color Percentage

**Text Color**
C=0%, M=0%, Y=0%, K=0%

**Text Color**
C=50%, M=50%, Y=50%, K=100%

## Font

**Principle area, Upper - Front & Back:** W02 art house, Size

အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေသည်။


ခံတွင်းနံ့နံပြီး သွားများကို ပျက်စီးစေသည်။



ဆေးလိပ်တွင် ပါဝင်သော နီကိုတင်း၊
ကတ္တရာနှင့် ကာဗွန်မိုနော့ဆိုဒ် တို့သည်
နလုံးရောဂါနှင့် အဆုတ်ရောဂါကို
ဖြစ်စေသည်။ ဆေးလိပ်ဖြတ်ပါ။


# ဆေးလိပ်တံဆိပ်

# ဆေးလိပ်တံဆိပ်



ဆေးလိပ်တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်း
စသော ကင်ဆာဖြစ်စေသော ဓါတ်ပစ္စည်းများ
ပါဝင်သည်။ ဆေးလိပ်ဖြတ်ပါ။

# Design of Box, Packet, Wrapper, Carton and Parcel Packaging.




## Color Percentage

**Text Color**
C=0%, M=0%, Y=0%, K=0%

**Text Color**
C=50%, M=50%, Y=50%, K=100%


## Font

**Principle area - Front & Back:** W02 art house, Size 18.45pt

**Side Pack - Upper Part:** W02 art house, Size 18.45pt

**Side Pack - Left & Right:** W02 art house, Size 18.45pt

## Smokeless Tobacco Pack Design





**Front** Upper Part **Back**

25%

50%

25%




Lower Part

---

## Color Percentage

**Text Color**
C=0%, M=0%, Y=0%, K=0%

**Text Color**
C=50%, M=50%, Y=50%, K=100%

## Font

**Principle area, Upper - Front & Back:** W02 art house, Size 18.45 pt

